ပုံစံ(၉)

ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်

{ နည်းဥပဒေ ၁၇(ဃ) }

ခုံသမာဓိအဖွဲ့

ရန်ကုန်တိုင်းဒေသကြီး

ရန်ကုန်မြို့

အငြင်းပွားမှုအမှတ် ( ၅၂ / ၂၀၂၂ )

ဦးဇေယျာဟိန်းပါ (၅)ဦး ( အလုပ်သမား )
အမှတ်(၂/က)၊ ရွှေသရဖီလမ်း၊ (၅၁)ရပ်ကွက်၊
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။
၀၉ - ၂၅၀ ၃၇၅ ၆၅၀ } နစ်နာ၍တောင်းဆိုသူ

နှင့်

ဦးသန့်ဇင်ထွန်း ( အလုပ်ရှင် )
Myanmar Consolidated Media Co.,Ltd ( MYANMAR TIMES )
ဒေါ်မိုးမိုးအေး ( တရားလွှတ်တော်ရှေ့နေ )
( အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ )
အမှတ်(၃၃၂/A)၊ ပြည်လမ်း၊ မြေနီကုန်း(မြောက်)၊
စမ်းချောင်းမြို့နယ်။
၀၉ - ၅၁၉ ၂၀၄၆ ၊ ၀၉ - ၂၃၀ ၄၄၆၆ } တောင်းဆိုခြင်းခံရသူ

ရက် စွဲ ။ ၂၀၂၂ ခု နှစ် ၊ နိုဝင်ဘာ လ ၂၂ ရက်

## ဆုံးဖြတ်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း(မြောက်)၊ ပြည်လမ်း၊ အမှတ် (၃၃၂/A)ရှိ Myanmar Consolidated Media Co.,Ltd ( MYANMAR TIMES ) အလုပ်ရှင် ဦးသန့်ဇင်ထွန်း၏ အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ ဒေါ်မိုးမိုးအေး ( တရားလွှတ်တော်ရှေ့နေ) နှင့် အလုပ်သမား ဦးဇေယျာဟိန်းပါ (၅)ဦးတို့အကြား ဖြစ်ပွားသောအငြင်းပွားမှုကို စမ်းချောင်းမြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ လွှဲအပ်ခဲ့သဖြင့် ကြားနာစစ်ဆေး ဆုံးဖြတ်လိုက်သည်။

၂။ ဤခုံသမာဓိအဖွဲ့က တောင်းဆိုသူနှင့် တောင်းဆိုခြင်းခံရသူတို့၏ တောင်းဆိုလွှာ၊ ချေပလွှာနှင့် စစ်ဆေးခံချက်များအပေါ်အခြေခံ၍ အောက်ပါအတိုင်း ကောက်ချက်များရေးဆွဲပြီး ဆုံးဖြတ်လိုက်သည်။

**အမှုဖြစ်စဉ်အကျဉ်းချုပ်**

၃။ Myanmar Consolidated Media Co.,Ltd ( MYANMAR TIMES )သည် ၁-၃-၂၀၂၂ ရက်နေ့မှစ၍ ကိုဗစ်-၁၉ ကပ်ရောဂါနှင့် မျက်မှောက်ရေးရာကာလအခြေအနေများကြောင့် ကုမ္ပဏီကိုယာယီပိတ်သိမ်းခဲ့ရာ ဝန်ထမ်းများအား မိသားစုစားဝတ်နေရေး ပြေလည်မှုရရှိရန် ထောက်ပံ့ကြေးများပေးခဲ့ပြီး ယခုလက်ရှိအခြေအနေတွင် စီးပွားရေးကြပ်တည်းမှုနှင့် လုပ်ငန်းလည်ပတ်နိုင်မှု အခက်အခဲများကြောင့် ဝန်ထမ်းများအား အလုပ်မှရပ်စဲခဲ့ခြင်းအပေါ် အလုပ်သမား ဦးဇေယျာဟိန်းပါ(၅)ဦးမှ ဥပဒေနှင့်အညီ အလုပ်ရပ်စဲမှုနစ်နာကြေးများ မရရှိခဲ့သဖြင့် စမ်းချောင်းမြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သို့ တိုင်ကြားခဲ့ရာ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့က (၃)ကြိမ်တိုင်တိုင် ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးခဲ့သော်လည်း ပြေလည်မှု မရရှိသောကြောင့် ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့သို့ လွှဲပြောင်းပေးပို့လာသော အငြင်းပွားမှုဖြစ်ပါသည်။

ကောက်ချက် ။ တောင်းဆိုသူ အလုပ်သမား ဦးဇေယျာဟိန်းပါ (၅)ဦးအား လုပ်သက်အလိုက် အလုပ်ရပ်စဲမှု နစ်နာကြေးပေးရန် သင့် / မသင့်။

**တွေ့ရှိချက်**

၄။ အလုပ်သမားများကိုယ်စား ဦးဇေယျာဟိန်းမှ တင်ပြထွက်ဆိုရာတွင် Myanmar Consolidated Media Co.,Ltd ( MYANMAR TIMES ) ၌ ဦးဇေယျာဟိန်းသည် ၁-၃-၂၀၁၉ ရက်နေ့တွင် အလုပ်စတင်ဝင်ရောက်လုပ်ကိုင်ခဲ့ပြီး လစာ USD 350 ဖြင့် သတင်းထောက်အဖြစ်လည်းကောင်း၊ ဦးဇာနည်သည် ၃-၈-၂၀၁၉ ရက်နေ့တွင် အလုပ်စတင်ဝင်ရောက်လုပ်ကိုင်ခဲ့ပြီး လစာ USD 578 $ ဖြင့် ထုတ်လုပ်ရေးမန်နေဂျာအဖြစ်လည်းကောင်း၊ ဦးတိုးဝေအောင်သည် ၁-၆-၂၀၁၃ ရက်နေ့တွင် အလုပ်စတင်ဝင်ရောက်လုပ်ကိုင်ခဲ့ပြီး လစာ USD 350 ဖြင့် သတင်းထောက်အဖြစ်လည်းကောင်း၊ ဦးစည်သူအောင်မျိုးကျော်သည် ၁-၆-၂၀၁၉ ရက်နေ့တွင် အလုပ်စတင်ဝင်ရောက်လုပ်ကိုင်ခဲ့ပြီး လစာ USD 350 ဖြင့် သတင်းထောက်အဖြစ်လည်းကောင်း၊ ဦးသက်ဇင်စိုးသည် ၂၀၁၉ ခုနှစ်တွင် အလုပ်စတင်ဝင်ရောက်လုပ်ကိုင်ခဲ့ပြီး လစာ USD 400 ဖြင့် အကြီးတန်းသတင်းထောက်အဖြစ်လည်းကောင်း အသီးသီး အလုပ်ဝင်ရောက်လုပ်ကိုင်ခဲ့ကြပါကြောင်း၊ အလုပ်ရှင်၊ အလုပ်သမား အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူညီချက်စာချုပ် ( EC စာချုပ် )ကို ချုပ်ဆိုခဲ့ခြင်း မရှိပါကြောင်း ထွက်ဆိုတင်ပြခဲ့ပါသည်။

၅။ Myanmar Consolidated Media Co.,Ltd ( MYANMAR TIMES )သည် ၁-၃-၂၀၂၁ ရက်နေ့မှစ၍ ကိုဗစ်-၁၉ ကပ်ရောဂါနှင့် မျက်မှောက်ရေးရာကာလအခြေအနေများကြောင့် ကုမ္ပဏီ ယာယီပိတ်သိမ်းမည်ဟု ထုတ်ပြန်ခဲ့ပါကြောင်း၊ အလုပ်သမား ဦးဇေယျာဟိန်းပါ(၅)ဦးတို့သည် (၂/၂၀၂၁)လအထိလုပ်ခလစာရရှိခဲ့ပြီး (၃/၂၀၂၂)လမှ (၂/၂၀၂၂)လအထိ တစ်နေ့ ၄,၈၀၀/- ကျပ်နှုန်းဖြင့် ( စနေ၊ တနင်္ဂနွေ အစိုးရရုံးပိတ်များမပါ ) လုပ်ခလစာမဟုတ်ဘဲ မိသားစုစားဝတ်နေရေး ပြေလည်စေရန် ထောက်ပံ့ကြေးများ ရရှိခဲ့ပါကြောင်း၊ (၃/၂၀၂၂)လမှ (၉/၂၀၂၂)လအထိ ၂၂ % မှ ၂၅ % အထိသာ ထောက်ပံ့ကြေး ရရှိခဲ့ပါကြောင်း၊ (၃/၂၀၂၂)လမှ (၉/၂၀၂၂)လအထိ လုပ်ငန်းယာယီပိတ်သိမ်းစဉ်ကတည်းက နေ့စဉ်ရုံးတက်ခဲ့သော်လည်း အလုပ်လုပ်ကိုင်ရခြင်း မရှိခဲ့ပါကြောင်း ထွက်ဆိုတင်ပြခဲ့ပါသည်။

၆။ (၃/၂၀၂၂)လမှ (၉/၂၀၂၂)လအထိ လုပ်ငန်းယာယီပိတ်သိမ်းစဉ်ကာလအတွင်း ကုမ္ပဏီမှ (၂/၂၀၂၂)လတွင် ရုံးအမိန့်စာဖြင့် ၇၀ % လည်ပတ်မည်ဟု စာထုတ်ပြန်ခဲ့သော်လည်း အလုပ်လုပ်ကိုင်ရခြင်း မရှိခဲ့ပါကြောင်း၊ ဒုတိယအကြိမ် ၃၁-၅-၂၀၂၂ ရက်နေ့ အမိန့်စာတွင် ဖွင့်လှစ်လုပ်ကိုင်မည်ဟု စာထုတ်ပြန်ခဲ့သော်လည်း လုပ်ငန်းလည်ပတ်နိုင်ခြင်း မရှိခဲ့ပါကြောင်း၊ နောက်ဆုံးတွင် ၈-၈-၂၀၂၂ ရက်နေ့ အမိန့်စာဖြင့် ၃၀-၉-၂၀၂၂ ရက်နေ့တွင် အလုပ်သမားများအား အလုပ်ရပ်နားမည်ဖြစ်ကြောင်း (၁)လကြိုတင် အကြောင်းကြားခဲ့ပါကြောင်း၊ ဦးဇေယျာဟိန်းပါ(၅)ဦးတို့သည် ကုမ္ပဏီပြန်လည် လည်ပတ်လုပ်ကိုင်မည့်အချိန်ကို စောင့်မျှော်နေခြင်းဖြင့် အခြားအလုပ်ကို မရှာခဲ့ပါကြောင်း ထွက်ဆိုတင်ပြခဲ့ပါသည်။

၇။ အလုပ်သမား ဦးဇေယျာဟိန်းပါ(၅)ဦးတို့သည် ကုမ္ပဏီလည်ပတ်မည့်အချိန်ကို စောင့်မျှော်နေရခြင်းကြောင့် ကုမ္ပဏီမှ ထောက်ပံ့ပေးမှုသည်လည်း အလွန်နည်းပါးခြင်းဖြစ်၍ မိသားစုစားဝတ်နေရေး ခက်ခဲမှုများရှိပါကြောင်း၊ အလုပ်သမားများမှာလည်း ဘဏ်ချေးငွေများ ချေးထားခြင်းကြောင့် လစဉ်ပြန်ဆပ်ရန် ခက်ခဲမှုများရှိ၍ အကြွေးများတင်နေပြီဖြစ်ပါကြောင်း၊ ဦးဇေယျာဟိန်းပါ(၅)ဦးမှ ကုမ္ပဏီအနေဖြင့် အလုပ်နားခဲ့ခြင်းအပေါ် ဥပဒေနှင့်အညီ လုပ်သက်အလိုက် နစ်နာကြေး ရရှိလိုပါကြောင်းနှင့် ဒေါ်လာအား ကာလပေါက်ဈေးနှုန်းဖြင့် တွက်ချက်ခံစားခွင့် ရရှိလိုပါကြောင်း ထွက်ဆိုတင်ပြခဲ့ပါသည်။

၈။ အလုပ်ရှင်ကိုယ်စား ဒေါ်မိုးမိုးအေး ( တရားလွှတ်တော်ရှေ့နေ )က ထွက်ဆိုတင်ပြရာတွင် Myanmar Consolidated Media Co.,Ltd ( MYANMAR TIMES ) ကို ၂၀၀၀ ခုနှစ်တွင် ဖွင့်လှစ်

ခဲ့ပြီး အလုပ်ရှင်မှာ ဦးသန့်ဇင်ထွန်း ဖြစ်ပါကြောင်း၊ ယခင် လူဦးရေမှာ စုစုပေါင်း (၂၀၀)ဦးခန့် ရှိပြီး ယခုလက်ရှိလူဦးရေ (၄၄)ဦးတို့ဖြင့် လုပ်ငန်းလည်ပတ် လုပ်ကိုင်လျက်ရှိပါကြောင်း၊ အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူညီချက်စာချုပ် ( EC စာချုပ် ) အား (၂)နှစ် (၁)ကြိမ် ချုပ်ဆိုခဲ့ရာ ၂၀၂၀ ပြည့်နှစ်တွင် သက်တမ်းကုန်ဆုံးပြီး ယခု သက်တမ်းထပ်မံ မတိုးရသေးပါကြောင်း ထွက်ဆိုတင်ပြခဲ့ပါသည်။

၉။ အလုပ်ရှင်တင်ပြချက်တွင် ဦးဇေယျာဟိန်းသည် ၁-၃-၂၀၁၉ ရက်နေ့တွင် အလုပ်စတင်ဝင်ရောက်လုပ်ကိုင်ခဲ့ပြီး (၂/၂၀၂၁)လတွင် USD 350 ဖြင့် တစ်ဒေါ်လာလျှင် မြန်မာကျပ်ငွေ ၁,၅၁၀/- နှုန်းနှင့်ညီမျှသော လစာငွေ ကျပ် ၅၂၈,၅၀၀/- ကိုလည်းကောင်း၊ ဦးဇာနည်သည် ၅-၈-၂၀၀၉ ရက်နေ့တွင် အလုပ်စတင်ဝင်ရောက်လုပ်ကိုင်ခဲ့ပြီး (၂/၂၀၂၁)လတွင် USD 578 ဖြင့် တစ်ဒေါ်လာလျှင် မြန်မာကျပ်ငွေ ၁,၅၁၀/- နှုန်းနှင့်ညီမျှသော လစာငွေ ကျပ် ၈၇၂,၇၈၀/- ကိုလည်းကောင်း၊ ဦးတိုးဝေအောင်သည် ၁-၆-၂၀၁၃ ရက်နေ့တွင် အလုပ်စတင်ဝင်ရောက်လုပ်ကိုင်ခဲ့ပြီး (၂/၂၀၂၁)လတွင် USD 350 ဖြင့် တစ်ဒေါ်လာလျှင် မြန်မာကျပ်ငွေ ၁,၅၁၀/- နှုန်းနှင့်ညီမျှသော လစာငွေ ကျပ် ၅၂၈,၅၀၀/- ကိုလည်းကောင်း၊ ဦးစည်သူအောင်မျိုးကျော်သည် ၁-၅-၂၀၁၉ ရက်နေ့တွင် အလုပ်စတင်ဝင်ရောက်လုပ်ကိုင်ခဲ့ပြီး (၂/၂၀၂၁)လတွင် USD 350 ဖြင့် တစ်ဒေါ်လာလျှင် မြန်မာကျပ်ငွေ ၁,၅၁၀/- နှုန်းနှင့်ညီမျှသော လစာငွေ ကျပ် ၅၂၈,၅၀၀/- ကိုလည်းကောင်း၊ ဦးသန့်ဇင်စိုးသည် ၁၂-၁၁-၂၀၁၉ ရက်နေ့တွင် အလုပ်စတင်ဝင်ရောက်လုပ်ကိုင်ခဲ့ပြီး (၂/၂၀၂၁)လတွင် USD 400 ဖြင့် တစ်ဒေါ်လာလျှင် မြန်မာကျပ်ငွေ ၁,၅၁၀/- နှုန်းနှင့်ညီမျှသော လစာငွေ ကျပ် ၆၀၄,၀၀၀/- ကိုလည်းကောင်း အသီးသီးရရှိခဲ့ကြပါကြောင်း၊ လုပ်ငန်းယာယီပိတ်သိမ်းသည့် (၃/၂၀၂၁)လမှ (၂/၂၀၂၂)လအထိ ဦးဇာနည်အား ထောက်ပံ့ကြေးအဖြစ် ကျပ် ၁၇၆,၀၀၀/- ကိုလည်းကောင်း၊ ဦးဇေယျာဟိန်း ပါ(၄)ဦးအား ထောက်ပံ့ကြေးအဖြစ် တစ်ဦးလျှင် ကျပ် ၁၄၃,၀၀၀/- တို့ကို ပေးခဲ့ပါကြောင်းနှင့် (၃/၂၀၂၂)လမှ (၉/၂၀၂၂)လအထိ တစ်ရက်လျှင် အနိမ့်ဆုံး ကျပ် ၅,၀၀၀/- မှ ကျပ် ၁၀,၀၀၀/- ( စနေ၊ တနင်္ဂနွေ အစိုးရရုံးပိတ်ရက်များမပါ )အထိ အလုပ်သမားများအား ထောက်ပံ့ကြေးအဖြစ် ပေးခဲ့ပါကြောင်း ထွက်ဆိုတင်ပြခဲ့ပါသည်။

၁၀။ ၂၄-၂-၂၀၂၂ ရက်နေ့တွင် ကုမ္ပဏီမှ ၂၀-၂-၂၀၂၂ ရက်နေ့မှစ၍ မတ်၊ ဧပြီ၊ မေ (၃)လ ယာယီရပ်ဆိုင်းမည်ဖြစ်ကြောင်းကို အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ တင်ပြခဲ့ပါကြောင်း၊ ယာယီပိတ်သိမ်းရခြင်းသည် ကိုဗစ်-၁၉ ကပ်ရောဂါနှင့် မျက်မှောက်ရေးရာ အခြေအနေများကြောင့်

လုပ်ငန်းလည်ပတ်မှုခက်ခဲခြင်းနှင့် ငွေရေးကြေးရေး အရှုံးပေါ်နေခြင်းကြောင့်ဖြစ်ပါကြောင်း၊ ၈-၈-၂၀၂၂ ရက်နေ့တွင် ဝန်ထမ်းများအား အချိန်ကြာမြင့်စွာ ထောက်ပံ့ကြေးများဖြင့် ရပ်တည်နေရပြီး လုပ်ငန်းအနေဖြင့် ရေရှည်ဆက်လက်ထိန်းသိမ်းထားရန် မဖြစ်နိုင်တော့၍ ဝန်ထမ်းများအတွက် အလုပ်သမားဥပဒေနှင့်အညီ လုပ်သက်အလိုက်ခံစားခွင့်များ ပေးအပ်နိုင်ရေး ဆောင်ရွက်ပေးသွားမည်ဟု ထုတ်ပြန်ထားပါကြောင်း၊ သို့သော် အလုပ်သမားများအား အချိန်ကြာမြင့်စွာ ထောက်ပံ့ကြေးများဖြင့် ရေရှည်ရပ်တည်နိုင်မှု မရှိတော့သဖြင့် ၃၀-၈-၂၀၂၂ ရက်နေ့တွင် ၃၀-၉-၂၀၂၂ ရက်နေ့မှစ၍ အလုပ်ရပ်နားမည်ဖြစ်ကြောင်း (၁)လကြိုတင် အကြောင်းစာထုတ်ပြန်ခဲ့ပါကြောင်း၊ မလွှဲမရှောင်သာ အခြေအနေအရ အလုပ်မှရပ်နားသည့်အတွက် အလွန်စိတ်မကောင်းဖြစ်ရပြီး လုပ်သက်အလိုက် နစ်နာကြေးအဖြစ် နစ်နာကြေး၏ ၈၀ % အားပေးအပ်မည်ဖြစ်ကြောင်း ခုံသမာဓိအဖွဲ့၏ ရှေ့မှောက်တွင် ထွက်ဆို တင်ပြခဲ့ပါသည်။

သုံးသပ်ချက်

၁၁။ Myanmar Consolidated Media Co.,Ltd ( MYANMAR TIMES ) သည် လုပ်ငန်းလည်ပတ်မှု ခက်ခဲခြင်းနှင့် လုပ်ငန်းရပ်ဆိုင်းထားရခြင်းကြောင့် ငွေရေးကြေးရေး အရှုံးပေါ်ခြင်းတို့ကြောင့်လည်းကောင်း၊ ယာယီပိတ်သိမ်းစဉ်ကာလအတွင်း ဝန်ထမ်းများ အလုပ်မလုပ်ရဘဲ ရေရှည်ထောက်ပံ့ကြေးများပေးခြင်းအပေါ် ဆက်လက်ထိန်းသိမ်းထားရန် မဖြစ်နိုင်ခြင်းကြောင့်လည်းကောင်း၊ နိုင်ငံနှင့်အဝှမ်းကြုံတွေ့ရသော စီးပွားရေးအကြပ်အတည်း အခြေအနေတို့ကြောင့် ဝန်ထမ်းများအား အလုပ်ရပ်နားခြင်းဖြစ်ကြောင်း သုံးသပ်ရရှိပါသည်။

၁၂။ တောင်းဆိုသူ အလုပ်သမား ဦးဇေယျာဟိန်းပါ(၅)ဦးအား ကုမ္ပဏီမှရပ်နားခဲ့ခြင်းနှင့် ၈-၈-၂၀၂၂ ရက်စွဲဖြင့် အမိန့်ကြော်ငြာစာတွင် ဝန်ထမ်းများအတွက် အလုပ်သမားဥပဒေနှင့်အညီ လုပ်သက်အလိုက်ခံစားခွင့်များ ပေးအပ်နိုင်ရေး ဆောင်ရွက်သွားမည်ဟု ထုတ်ပြန်ထားခြင်းကြောင့် အလုပ်ရပ်စဲခံရသော အလုပ်သမားများနှင့်ပတ်သက်၍ အမိန့်ကြော်ငြာစာအမှတ်(၈၄/၂၀၁၅)ဖြင့် လုပ်သက်အလိုက်နှင့် အလုပ်ရှင်ပေးလိုသော လစာ၏ ၈၀ % အား အစိုးရ၏ ဒေါ်လာဈေးနှုန်းဖြင့် နစ်နာကြေးရသင့်ကြောင်းနှင့် (၁)လကြိုတင် အကြောင်းကြားစာ ထုတ်ပြန်ထား၍ နို့တစ်ကြေးတစ်လစာ မရသင့်ကြောင်း သုံးသပ်ရရှိပါသည်။

၁၃။ တောင်းဆိုသူ ဦးဇေယျာဟိန်းပါ(၅)ဦးတို့အား အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူညီချက်စာချုပ် ( EC စာချုပ် )ပါ စည်းကမ်းချက်များဖြင့် အပြစ်ပေးအရေးယူ၍ အလုပ်မှ ရပ်နားခဲ့ခြင်းမဟုတ်ဘဲ ကုမ္ပဏီ၏ စီးပွားရေးအကြပ်အတည်းနှင့် ငွေရေးကြေးရေး အရှုံးပေါ်ခြင်းကြောင့်

အလုပ်မှရပ်နားခြင်းဖြစ်သည့်အတွက် (၈၄/၂၀၁၅)အမိန့်ကြော်ငြာစာတွင် OT မပါ နောက်ဆုံးထုတ်လစာဖြင့် လုပ်သက်နစ်နာကြေးဖြင့် တွက်ချက်ခံစားရမည်ဖြစ်၍ နောက်ဆုံးထုတ်လစာသည် အလုပ်မှ မထုတ်ပယ်မီရရှိခဲ့သော လစာဖြစ်ကြောင်း သုံးသပ်ရရှိပါသည်။

၁၄။ အလုပ်မှ မထုတ်ပယ်မီရရှိခဲ့သော အလုပ်သမား ဦးဇေယျာဟိန်းပါ(၅)ဦးတို့သည် ယာယီပိတ်သိမ်းစဉ်ကာလအတွင်း အလုပ်မလုပ်ရဘဲ မိသားစုစားဝတ်နေရေး ပြေလည်စေရန်အတွက် အလုပ်ရှင်မှ ထောက်ပံ့ကြေးအဖြစ်ပေးခဲ့သော အခကြေးငွေဖြစ်၍ အလုပ်သမားများအတွက် အလွန်နစ်နာခြင်းဖြစ်ခြင်းနှင့် အလုပ်ရှင်အနေဖြင့်လည်း ကိုဗစ်-၁၉ ကပ်ရောဂါနှင့် မျက်မှောက်ရေးရာ အခြေအနေများကြောင့် ယာယီပိတ်သိမ်းစဉ်ကာလအတွင်း အလုပ်မလုပ်ရဘဲ တစ်နှစ်ကျော် ထောက်ပံ့ကြေးပေးခြင်းအပေါ်ထောက်ရှုပြီး နိုင်ငံနှင့်အဝှမ်းတွေ့ကြုံရသော စီးပွားရေးအကြပ်အတည်းရှိခြင်းတို့ကြောင့် အလုပ်ရှင်၊ အလုပ်သမား နှစ်ဦးနှစ်ဖက် ညီမျှမှုရှိစေရန် လုပ်သက်အလိုက် နစ်နာကြေးနှုန်းထားအား အလုပ်ရှင်တင်ပြထားသော အလုပ်သမားများရရှိခဲ့သည့် လစာ၏ ၈၀ % ဖြင့် ရသင့်ကြောင်း သုံးသပ်ရရှိပါသည်။

၁၅။ တောင်းဆိုသူ အလုပ်သမား ဦးဇေယျာဟိန်းပါ(၅)ဦးတို့အား ကုမ္ပဏီမှ ရပ်နားခဲ့ခြင်းနှင့် ၈-၈-၂၀၂၁ ရက်စွဲဖြင့် အမိန့်ကြော်ငြာစာတွင် ဝန်ထမ်းများအတွက် အလုပ်သမားဥပဒေနှင့်အညီ လုပ်သက်အလိုက် ခံစားခွင့်များ ပေးအပ်နိုင်ရေး ဆောင်ရွက်သွားမည်ဟု ထုတ်ပြန်ထားခြင်းကြောင့် အလုပ်ရပ်နားခံရသော အလုပ်သမားများနှင့်ပတ်သက်၍ အမိန့်ကြော်ငြာစာအမှတ် (၈၄/၂၀၁၅)ဖြင့် လုပ်သက်အလိုက်နစ်နာကြေးနှင့် နစ်နာကြေးနှုန်းထားများအား အလုပ်ရှင်တင်ပြထားသည့် ရရှိခဲ့သော USD $ ၏ ၈၀ % ဖြင့် တွက်ချက်ခံစားခွင့် ရသင့်ကြောင်းနှင့် (၁)လကြိုတင် အကြောင်းကြားစာ ထုတ်ပြန်ထား၍ နို့တစ်ကြေးတစ်လစာ မရသင့်ကြောင်း သုံးသပ်ရရှိ၍ အောက်ပါအတိုင်း ဆုံးဖြတ်လိုက်သည်။

ဆုံးဖြတ်ချက် ။ တောင်းဆိုသူ အလုပ်သမား ဦးဇေယျာဟိန်းပါ (၅)ဦးအား လုပ်သက်အလိုက် နစ်နာကြေးကို အလုပ်ရှင်ပေးသော လစာ၏ ၈၀ % ဖြင့် တစ်ဒေါ်လာလျှင် ယခုအစိုးရသတ်မှတ်ဈေးနှုန်း ကျပ် ၂,၁၀၀/- ဖြင့် အောက်ပါအတိုင်း တွက်ချက်ထုတ်ပေးရန် ဆုံးဖြတ်လိုက်သည် -

| စဉ် | အမည် | အလုပ်ရှင်ပေးသော လစာ၏ ၈၀% | အလုပ်ဝင် ရက်စွဲ | ၃၀-၉-၂၀၂၂ ရက်နေ့ အထိ လုပ်သက် | နစ်နာကြေး စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | ဦးဇေယျာဟိန်း | USD 350 × ၈၀% = USD 280<br>USD $ 280 × ၂၁,၀၀/- = ၅၈၈,၀၀၀/- | ၁-၃-၂၀၁၉ | ၃ နှစ် ၆ လ | ၅၈၈,၀၀၀/- × ၃ = ၁,၇၆၄,၀၀၀/- |
| ၂ | ဦးဇာနည် | USD 578 × ၈၀% = USD 462.4<br>USD 462.4 × ၂၁,၀၀/- = ၉၇၁,၀၄၀/- | ၃-၈-၂၀၀၉ | ၁၃ နှစ် ၁ လ | ၉၇၁,၀၄၀/- × ၈ = ၇,၇၆၈,၃၂၀/- |
| ၃ | ဦးတိုးဝေအောင် | USD 350 × ၈၀% = USD 280<br>USD 280 × ၂၁,၀၀/- = ၅၈၈,၀၀၀/- | ၁-၆-၂၀၁၃ | ၉ နှစ် ၃ လ | ၅၈၈,၀၀၀/- × ၆ = ၃,၅၂၈,၀၀၀/- |
| ၄ | ဦးစည်သူအောင်မျိုးကျော် | USD 350 × ၈၀% = USD 280<br>USD 280 × ၂၁,၀၀/- = ၅၈၈,၀၀၀/- | ၁-၅-၂၀၁၉ | ၃ နှစ် ၄ လ | ၅၈၈,၀၀၀/- × ၃ = ၁,၇၆၄,၀၀၀/- |
| ၅ | ဦးသက်ဇင်စိုး | USD 400 × ၈၀% = USD 320<br>USD 320 × ၂၁,၀၀/- = ၆၇၂,၀၀၀/- | ၁၂-၁၁-၂၀၁၉ | ၂ နှစ် ၉ လ | ၆၇၂,၀၀၀/- × ၁ $\frac{၁}{၂}$ = ၁,၀၀၈,၀၀၀/- |

၁၆။ တောင်းဆိုသူအား ပေးရန်ရှိသောငွေများကို ဤဆုံးဖြတ်ချက်ချမှတ်သည့် နေ့ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်းပေးရမည်။

ဤဆုံးဖြတ်ချက်သည် အထက်တွင် ဖော်ပြထားသော နေ့ရက်မှစ၍ အာဏာတည်စေရမည်။

မှတ်ချက်။ (၁) ခုံသမာဓိအဖွဲ့၏ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့ရက်မှ ခုနှစ်ရက်အတွင်း ခုံသမာဓိကောင်စီ၏ အဆုံးအဖြတ်ခံယူရန် အငြင်းပွားသူတစ်ဖက်ဖက်မှ လျှောက်ထားနိုင်သည်။

(၂) မှတ်ချက် (၁) ပါအတိုင်း ဆောင်ရွက်ခြင်းမပြုလုပ်လျှင် ဆုံးဖြတ်ချက်များကို သတ်မှတ်သည့်နေ့ရက်အတွင်း နှစ်ဖက်စလုံးက လိုက်နာဆောင်ရွက်ရမည်။

| | | |
|---|---|---|
| (ခင်ကေသွယ်)<br>အတွင်းရေးမှူး | (လွင်လွင်မြင့်)<br>ဥက္ကဋ္ဌ | (ကျော်ရှိန်ဦး)<br>အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (ကျင်အေး)<br>အဖွဲ့ဝင် | (ဒေါက်တာခင်မောင်အေး)<br>အဖွဲ့ဝင် | ( လစ်လပ် )<br>အဖွဲ့ဝင် | (မြင့်အောင်)<br>အဖွဲ့ဝင် |
| (ကျော်ဇေယျ)<br>အဖွဲ့ဝင် | (စောတင်)<br>အဖွဲ့ဝင် | ( လစ်လပ် )<br>အဖွဲ့ဝင် | (ကျင်သိန်း)<br>အဖွဲ့ဝင် |